Mekong Migration Network (MMN)

၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်

*၁၃ ကြိမ်မြောက် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အာစီယံ ဖိုရမ် မကျင်းပမီ ထုတ်ပြန်ရန်*

**<u>မဲခေါင်ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကွန်ရက်</u>**

**<u>ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများအား ထောက်ပံ့ကူညီရေးနှင့် ပတ်သက်၍ ထုတ်ပြန်ချက်</u>**

၂၀၂၀ ခုနှစ် နိုင်ဝင်ဘာလ (၁၀) ရက်မှ (၁၂) ရက်အတွင်း (၁၃) ကြိမ်မြောက် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အာစီယံ ဖိုရမ်ကို "စီးလုံးခြင်းနှင့် တာဝန်ခံ တုံ့ပြန်တတ်သော အာစီယံ အသိုင်းအဝန်းအတွက် ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများအား ကူညီထောက်ပံ့ရေး" ခေါင်းစဥ်ဖြင့် ဗီယက်နမ်နိုင်ငံမှ ကြီးမှူး ကျင်းပမည် ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် အလုပ်သမားများနှင့် လုပ်ငန်းများ ထိခိုက် နစ်နာမှုအပေါ် တုံ့ပြန်မှု ပူးတွဲထုတ်ပြန်ချက်အား အာစီယံ အလုပ်သမားရေးရာ ဝန်ကြီးများမှ ၂၀၂၀ ခုနှစ် မေလတွင် လက်ခံ အတည်ပြုခဲ့ပြီးဖြစ်သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် "ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်နစ်နာသော အာစီယံ နိုင်ငံများနှင့် တတိယနိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားများအား သင့်လျော်ကောင်းမွန်သော အကူအညီများ ပေးရန်၊ ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေး မြင့်တင်ရန်နှင့် ကာကွယ်ပေးရေးဆိုင်ရာ အာစီယံ သဘောတူညီချက် ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ၎င်းရွှေ့ပြောင်း အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် လုံခြုံရေးအတွက် လုပ်ဆောင်ပေးရန်နှင့်၊ ၎င်းတို့၏ သွားလာရေးအပြင် မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးများကို ဆောင်ရွက်ပေးရန်"[1] သဘောတူညီခဲ့ကြသည်။

အရပ်ဘက် လူ့အဖွဲ့အစည်း (၄၀) ကျော်ဖြင့် ကွန်ရက်ချိတ်ဆက်ကာ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးမြင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေသော ဒေသခွဲ ကွန်ရက်အဖွဲ့ ဖြစ်သည့် မဲခေါင် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ကွန်ရက်မှ အာစီယံ အသိုင်းအဝန်းနှင့် သက်ဆိုင်ရာ

---

[1] Joint Statement of ASEAN Labour Ministers on Response to the Impact of Coronavirus Disease 2019 (COVID-19) on Labour and Employment, available at https://asean.org/storage/2012/05/ALM-Joint-Statement-on-Response-to-the-Impact-of-COVID-19-on-Labour-and-Employment-ADOPTED-14-May-2020-final.pdf.



**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202

အစိုးရများမှ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ရွှေ့ပြောင်းသွားလာသူများနှင့် ၄င်းတို့၏ မိသားစုများ၏ လူမှုဖူလုံရေးကို ထောက်ပံ့ကူညီပေးနိုင်ရန်အတွက် လျင်မြန်စွာအကောင်အထည်ဖေါ် ဆောင်ရွက်ရန် တိုက်တွန်းလိုက်ပါသည်။[2] မဲခေါင် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ကွန်ရက်သည် မဟာမဲခေါင် ဒေသခွဲ (Greater Mekong Subregion) ရှိ ရွှေ့ပြောင်းသွားလာနေသူများအပေါ် ကျရောက်လာသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့် လေ့လာနေသည်သာမက သုတေသနများကိုလည်း ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။

မဲခေါင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ရက်မှ ထုတ်ဝေမည့် သုတေသနစာတမ်းတွင်ပါရှိမည်ဖြစ်သော လက်ရှိဖြစ်ပွားနေသည့် ကမ္ဘာ့ကပ်ရောဂါကြောင့် ရွှေ့ပြောင်း သွားလာနေသူများ၏ အခက်အခဲများနှင့် စိုးရိမ်မှု မဏ္ဍာမတွေ့ရှိချက်များ ကိုလည်း ယခု (၁၃) ကြိမ်မြောက် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အာစီယံ ဖိုရမ်မတိုင်မီ မီးမောင်းထိုး တင်ပြလိုခြင်းဖြစ်သည်။ အထက်တွင် ဖေါ်ပြပါ အာစီယံ ပူးတွဲထုတ်ပြန်ချက်တွင် ပါရှိသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူဖြစ်စေရန် မိမိတို့မှ မဟာမဲခေါင် ဒေသခွဲရှိ နိုင်ငံများနှင့် အာစီယံ နိုင်ငံများအတွက် အကြံပြုချက်များလည်း ထည့်သွင်း ပါရှိပါသည်။

## အကျဉ်းချုပ်

ယခုလက်ရှိတွင် မဟာမဲခေါင် ဒေသခွဲရှိ ရွှေ့ပြောင်း သွားလာသူများသည် ကမ္ဘာ့ကပ်ရောဂါကြောင့် ရှောင်လွဲ၍ မရသော စိန်ခေါ်မှုများ ကြုံတွေ့လျက် ရှိသည်။ ဆိုက်ရောက်နိုင်ငံနှင့် မူရင်းနိုင်ငံများအတွက် ရွှေ့ပြောင်း သွားလာသူများ၏ လူမှုရေးနှင့် စီးပွားရေး ထောက်ပံ့မှုမှာ များစွာ အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိသော်လည်း လက်ရှိ ကပ်ရောဂါ ကာလတွင် အဆိုပါ ရွှေ့ပြောင်း သွားလာသူများသည် ထိခိုက်အလွယ်ဆုံးများ ဖြစ်နေပါသည်။ များစွာသော ရွှေ့ပြောင်း အလုပ်သမားများသည် ကပ်ရောဂါကြောင့် ထိခိုက်နစ်နာမှုများသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသည်ဖြစ်ရာ လက်ရှိတွင် အလုပ်လက်မဲ့မှုများနှင့် အဆမတန် လုပ်ခလစာလျော့နည်း ခံရမှုများနှင့် ကြုံတွေ့နေကြသည်။ လူမှုကာကွယ် စောင့်ရှောက်မှု လက်လှမ်းမမှီခြင်းသည်လည်း ၄င်းတို့၏ အခြေအနေကို ပို၍ ဆိုးရွားစေသည်။ ထို့အပြင် မဟာမဲခေါင် ဒေသခွဲရှိ နိုင်ငံများတွင် အစိုးရ၏ စီးပွားရေး အကြပ်အတည်း ဖြေလျှော့ရေး အကူအညီများမှာလည်း နိုင်ငံသားများအတွက်သာဖြစ်ရာ နိုင်ငံသား မဟုတ်သည့်

[2] MMN Statement on the Impact of Covid-19 on Migrants in the Greater Mekong Subregion, available at http://www.mekongmigration.org/?p=14877.



**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202

ရွှေ့ပြောင်း သွားလာသူများအတွက် မပါဝင်ခြေ။ ကပ်ရောဂါကြောင့် အလုပ်လက်မဲ့ ဖြစ်ရသော မဟာမဲခေါင်ဒေသခွဲရှိ ရွှေ့ပြောင်း သွားလာသူများသည် အလုပ်ရှင်ထံမှ နစ်နာကြေး မရသည်သာမက အာဏာပိုင်များ၏ အလုပ်အကိုင် ဆုံးရှုံးမှုအတွက် ပေးအပ်သော ခံစားခွင့်များကိုလည်း မရကြပေ။ အများစုမှာလည်း စုဆောင်းငွေလုံလောက်မှု မရှိသောကြောင့် နေထိုင် စားဝတ်နေရေးအတွက် ငွေများချေးငှားကာ အသက်ဆက်နေကြရပါသည်။ ဤကဲ့သို့သော စီးပွားရေး အကြပ်အတည်းများသည် ရွှေ့ပြောင်း သွားလာသူများ၏ ဘဝအခြေအနေအား စီးပွားရေးအခက်အခဲသာမက စီးပွားရေးချွတ်ချုံကျမှုနှင့် အိမ်ခြေမဲ့မှု များအထိ ဆိုးရွားနေစေသည်။

ရွှေ့ပြောင်း အလုပ်သမားများ အလုပ်ပြောင်းရန် ခက်ခဲစေသည့် တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတွင်း စီးပွားရေး ကြပ်တည်းမှုများကြောင့် ယခုကာလတွင် လုပ်ငန်းအသစ် ရှာဖွေရန် ခက်ခဲလှသည်။ အချို့မှာ နေထိုင်စားသောက်ရေး ပြေလည်စေရန် နေ့စားအလုပ်များ ဝင်ရောက်လုပ်ကိုင်နေကြရသည်။ ထို့အတူ မူရင်းနိုင်ငံသို့ပြန်ရန် သွားလာရေး အခက်အခဲနှင့် သွားလာစားရိတ် မြင့်မားမှု စသည့် စိန်ခေါ်မှုများ ရှိနေကြသည်။

စဉ်ဆက်မပြတ် ပြောင်းလဲနေသော အခြေအနေတွင် ရွှေ့ပြောင်း သွားလာသူများသည် ၄င်းတို့၏ တရားဝင်အခွင့်အရေးနှင့် အထောက်အထားဆိုင်ရာကိစ္စရပ်များ၊ မူရင်းနိုင်ငံသို့ ပြန်သွားပြီး ဆိုက်ရောက်နိုင်ငံသို့ ပြန်လာရန်၊ ကပ်ရောဂါနှင့် စပ်လျဉ်းသော ကုန်ကျစားရိတ်များ၊ လုပ်ထုံးလုပ်နည်းများအတွက် ရှုပ်ထွေးမှုနှင့် မရေရာမှုများဖြင့် ရင်ဆိုင်နေကြရသည်။

မူရင်းနိုင်ငံသို့ ပြန်သွားသော အချို့ရွှေ့ပြောင်းအလုပ်သမားများသည်လည်း လိုအပ်သောထောက်ပံ့မှုများ မရရှိခြင်းကြောင့် တနေ့သာ လိုအပ်မှုများအတွက် ရုန်းကန်နေကြရသည်ကိုလည်း တွေ့ရှိရပါသည်။ ရွှေ့ပြောင်း သွားလာသူများ စဉ်ဆက်မပြတ် ရှိနေသော မဟာမဲခေါင် ဒေသခွဲရှိ နိုင်ငံများတွင် လက်လှမ်းမှီ လွယ်ကူသော လူမှုကာကွယ်စောင့်ရှောက်ရေးများ အလွန်အားနည်းနေသည်။ ဤအချက်ကြောင့် ရွှေ့ပြောင်း သွားလာသူများ ရပ်ဝေးနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်စဉ်အတွင်း အမိမြေအား အကျိုးပြုမှုများ ရှိသော်လည်း ၄င်းတို့ မူရင်းနိုင်ငံ(အမိမြေ) သို့ ပြန်လည်ရောက်ရှိလာစဉ် ရသင့်ရထိုက်သော လူမှုဖူလုံရေးများ မရကြပေ။ ကမ်ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများတွင် အဓိက ဆိုက်ရောက်နိုင်ငံများနှင့် လက်တွဲကာ လူမှုဖူလုံရေး မူဝါဒများ စတင်ရေးဆွဲ အကောင်အထည်ဖော်နေပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် လက်လှမ်းမှီနိုင်သော လူမှုဖူလုံရေးဆိုင်ရာ မူဝါဒများကို စာချုပ်အခြေပြု (Contract-based) ဗီယက်နမ် ပြည်ပထွက်ခွါ


**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202

အလုပ်သမားများ ဆိုင်ရာ ဥပဒေ မူကြမ်းတွင်[3] ထည့်သွင်းပြီးဖြစ်သည်။ ဤကဲ့သို့သော အစပျိုး ဆောင်ရွက်မှုများသည် မဟာမဲခေါင် ဒေသခွဲရှိ နိုင်ငံများ၏ ရွှေ့ပြောင်း သွားလာသူများအတွက် ဆိုက်ရောက်နိုင်ငံမှ အခွင့်အရေးများကို မူရင်းနိုင်ငံသို့ လွှဲပြောင်းနိုင်ရေး ကျိုးပမ်းမှုများအဖြစ်တွေ့ရသည်။

သင်တန်းကြေး၊ စာမေးပွဲကြေး၊ လုပ်သားစုဆောင်းခြင်းနှင့် အခြား အထောက်အထားများအတွက် ငွေပေးသွင်းပြီး ကပ်ရောဂါကြောင်း ပြည်ပထွက်ခွာရန် နှောင့်နှေးခံရသူများမှာလည်း ပေးသွင်းပြီးငွေများ ပြန်လည် မရရှိသည့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ ကပ်ရောဂါ အခြေအနေ မဆိုးမီ မူရင်းနိုင်ငံသို့ ပြန်သွားကြသော ရွှေ့ပြောင်းသွားလာသူများမှာလည်း မူရင်းနိုင်ငံကိုပြန်လည်ထွက်ခွါ ရွှေ့ပြောင်းသွားလာ လိုကြောင်း၊ အချို့မှာ ပြန်လည်ပြောင်းရွှေ့ခြင်းလုပ်ငန်းစဉ်များ စတင်နေကြောင်းကိုလည်း သိရသည်။ အဓိက ဆိုက်ရောက်နိုင်ငံများမှာလည်း နယ်စပ်တံခါးများ ပြန်လည်ဖွင့်လှစ်ကာ လုပ်သားစုဆောင်ခြင်း အစီအစဉ်များ စတင်နေပြီဖြစ်ရာ ပြန်လည်ရွှေ့ပြောင်းလိုသူများနှင့် အသစ်တဖန် ရွှေ့ပြောင်းလိုသူများမှာလည်း ရွှေ့ပြောင်းရန် အခွင့်အရေး၊ နည်းလမ်းများ ရှာဖွေနေကြပြီဖြစ်သည်။ ဤကဲ့သို့ ရွှေ့ပြောင်းရန် ကြိုးပမ်းနေကြသူများသည်လည်း စောင့်ကြည့်ရေးစခန်း (Quarantine) အတွက် ကုန်ကျစားရိတ်များနှင့် အခြားသော ကပ်ရောဂါ ဆက်စပ် ကုန်ကျစားရိတ်များအတွက် ငွေပေးဆောင်ရမှုများကိုလည်း စိုးရိမ်မှု ရှိနေကြသည်။

ထိုင်းနိုင်ငံ အလုပ်သမားရေးရာဝန်ကြီး၏ အထောက်အထား ပြည့်စုံသော ရွှေ့ပြောင်း လုပ်သား (၅) သိန်းကျော်အား ၂၀၂၀ ခုနှစ် မေလအထိ ထိုင်းနိုင်ငံအတွင်း ဆက်လက်နေထိုင် အလုပ်လုပ်စေရန်အဆိုကို ထိုင်းအစိုးရ ကက်ဘိနက်မှ ၂၀၂၀ ခုနှစ် ဩဂုတ်လ (၄) ရက်နေ့တွင် သဘောတူ အတည်ပြု ခဲ့သည်။ အဆိုပါ ကက်ဘိနက်မှလည်း ရွှေ့ပြောင်းလုပ်သားများအား ထိုင်းနိုင်ငံသို့ ခေါ်ယူခြင်း ခွင့်ပြုလွှာ ရရှိထားသော လုပ်ငန်းရှင်များမှ ရွှေ့ပြောင်းလုပ်သားများအား စတင်ခေါ်ယူ လက်ခံနိုင်ပြီဖြစ်ကြောင်း ခွင့်ပြု ပေးခဲ့ပြီးဖြစ်သည်။ ဤကဲ့သို့သော လူဝင်မှုရေးရာ လိုအပ်ချက်များကို လျှော့ပေါ့ပေးခြင်းသည် ရွှေ့ပြောင်းလုပ်သားများ၏ ထိုင်းနိုင်ငံ စီးပွားရေးအတွက် အရေးပါမှုကို ထင်ဟပ်စေသည်။ အလားတူဆုံးဖြတ်ချက်များကို စိုက်ပျိုးရေး အခန်းကဏ္ဍများတွင် လုပ်သားမလုံလောက်မှုနှင့် ကြုံတွေ့နေရသော မဟာမဲခေါင် ဒေသခွဲနိုင်ငံများ၏ အဓိက ဆိုက်ရောက်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင်လည်းတွေ့မြင်ရသည်။ လက်ရှိ အသွားအလာကန့်သတ်ထားမှုမျိုးတွင်

[3] Article 6, section 1đ. Draft Law on Contract-based Vietnamese Overseas Workers (Revised). Accessible at https://thuvienphapluat.vn/van-ban/lao-dong-tien-luong/Luat-Nguoi-lao-dong-Viet-Nam-lam-viec-o-nuoc-ngoai-theo-hop-dong-sua-doi-439844.aspx.



**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202

ရွှေ့ပြောင်းလုပ်သားများသည် သက်ကြီးရွယ်အို များပြားလာသော နိုင်ငံများ၏ စီးပွားရေးတွင် အဓိက ကျောရိုးဖြစ်ကြောင်း သိသာထင်ရှားစေသည်။

သို့သော်၊ နိုင်ငံအများစုမှာ လူထုကျန်းမာရေးကို အားစိုက်ကာ သွားလာရေးများ ခွင့်ပြုပေးခြင်းမရှိပဲ နယ်စပ်လူဝင်မှုများကို တင်းကြပ်စေကာ ရွှေ့ပြောင်းသွားလာသူများ၏ သွားလာရေးများကို ကန့်သတ်နေကြသည်။ ထိုင်းနိုင်ငံတွင်း ရွှေ့ပြောင်းလုပ်သားများကို ရက်ရှည် ဆက်လက် အလုပ်လုပ်ကိုင်ခွင့်သည်လည်း အထောက်အထား ပြည့်စုံသော ရွှေ့ပြောင်းလုပ်သားများအတွက်သာဖြစ်ပြီး အထောက်အထားမပြည့်စုံသော မရှိသော ရွှေ့ပြောင်းလုပ်သားများ၏ စိုးရိမ်စရာ အခြေအနေများကို လှစ်လျူရှုထားသည်ကို တွေ့မြင်ရပါသည်။

## အကြံပြုချက်များ

ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း မဟာမဲခေါင် ဒေသခွဲ နိုင်ငံများတွင် ကြုံတွေ့နေရသည့် ပြဿနာများကို လျော့နည်းသက်သာစေရန် သက်ဆိုင်ရာနိုင်ငံတော် အစိုးရများမှ မဲခေါင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ရက်၏ အောက်ပါ အကြံပြုချက်များကို အလျင်အမြန် အကောင်အထည်ဖေါ် ဆောင်ရွက်ပေးရန် တောင်းဆိုလိုက်သည်။

## မူရင်းနိုင်ငံ အစိုးရများ

၁။ လိုအပ်သည့် စောင့်ကြည့်မှု (Quarantine) နှင့် ကျန်းမာရေး စစ်ဆေးခြင်း၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ကပ်ရောဂါ ကာလအတွင်း ဘေးကင်းလုံခြုံစေရေး အစီအမံများ၊ သက်ဆိုင်ရာသို့ အကြောင်းကြားနိုင်သည့် ယန္တရားများ၊ တရားမျှတမှု ရရှိရေးနှင့် ဆိုက်ရောက်နိုင်ငံများတွင် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကာကွယ်ပေးမှုများရရှိရေး အပါအဝင် နောက်ဆုံးရ သတင်းများနှင့် ထုတ်ပြန်ချက်များ သိရှိစေရေးနှင့် လုံခြုံစိတ်ချစွာ ပြည်ပထွက်ခွါနိုင်ရေး အစီအစဉ်များ ဆောင်ရွက်ပေးရန်။

၂။ မူရင်းနိုင်ငံသို့ ပြန်လာမည့် ရွှေ့ပြောင်း သွားလာသူများကို စောင့်ကြည့်ရေး စခန်းတွင် ကုန်ကျမည့် စားရိတ်၊ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် လိုအပ်လျင် ဆက်သွယ်ရန် ဖုန်းနံပါတ်များ သာမက ကုန်ကျစားရိတ်များ သက်သာစေရန် အပါအဝင် သိကျ ရှင်းလင်းသော သတင်းအချက်အလက်များ ပေးရန်။



**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202

Mekong Migration Network (MMN)

၃။ သတင်းအချက်အလက်များ လွယ်ကူစွာ ရရှိစေရန် ဆောင်ရွက်မှုများ၊ ရွှေ့ပြောင်း လုပ်သားများ မေးမြန်း တင်ပြလာသည့် မေးခွန်း အချက်အလက်များကို လျင်မြန်စွာ တုံ့ပြန် အဖြေပေးနိုင်ရန် လိုအပ်သည့် လူသားအရင်းအမြစ်များနှင့်၊ သံရုံး၊ ကောင်စစ်ဝန်ရုံးများ၏ ကူညီထောက်ပံ့မှုများ တိုးမြှင့်ပေးခြင်းများ အပါအဝင် သံတမန် ဆက်ဆံရေးဖြင့် လိုအပ်သည့် အကူအညီများ ပေးအပ်မှုကို စီစဉ်ဆောင်ရွက်ရန်။

၄။ အကြောင်း အမျိုးမျိုးကြောင့် ပြည်ပ ထွက်ခွါခွင့်/ထွက်ခွါခြင်း မရှိသည့် ရွှေ့ပြောင်းသွားလာသူများမှ ၄င်းတို့ ပေးသွင်းထားသည့် ငွေများ ပြန်လည် ရရှိခြင်း ရှိ/မရှိ ကို သိရှိနိုင်ရန် လုပ်သားစုဆောင်းရေး အေဂျင်စီများအား စောင့်ကြပ် ကြည့်ရှု စစ်ဆေးရန်။

## ဆိုက်ရောက်နိုင်ငံ အစိုးရများ

၁။ အလုပ်ထုပ်ပယ်ခံရသော ရွှေ့ပြောင်း လုပ်သားများအား အလုပ်ရှင်မှ နစ်နာကြေး အပြည့်အဝ ပေးအပ်ရေးအား ကြပ်မတ် စစ်ဆေးရန်။

၂။ ရွှေ့ပြောင်းလုပ်သားများ၏ လုပ်ငန်းနှင့် ပတ်သက်ပြီး ပြောင်းလွယ်ပြင်လွယ် ရှိစေရန်။ ဥပမာ - ရွှေ့ပြောင်း လုပ်သားများ လုပ်ငန်း ပြောင်းလဲ လုပ်ကိုင်ခြင်းကို တားမြစ်ထားသည်များကို ဖြေလျှော့ရန်၊ လုပ်ငန်း အပို လုပ်ဆောင်ခွင့် ပြုရန် နှင့် မွန်းမံ သင်တန်းများ တက်ရောက် သင်ကြားခွင့် ပြုရန်။

၃။ အလုပ်လက်မဲ့ ဖြစ်သွားတော့ ရွှေ့ပြောင်းလုပ်သားများအားလုံး အကြုံးဝင်သည့် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးရန်။ အထူးအခွင့်အရေးအဖြင့် ဗီဇာသက်တမ်းတိုးပေးခြင်း၊ လွတ်ငြိမ်း ချမ်းသာခွင့်နှင့် ဆက်လက် နေထိုင် လုပ်ငန်းလုပ်ဆောင်ခွင့်များ စီစဉ် ဆောင်ရွက်ပေးရန်။

## မူရင်းနိုင်ငံများနှင့် ဆိုက်ရောက် နိုင်ငံများအတွက်

၁။ ရွှေ့ပြောင်းသွားလာရေးနှင့် ဆက်စပ်သည့် ကုန်ကျစားရိတ်များကို အလုပ်ရှင်နှင့် အစိုးရမှ ကူညီထောက်ပံ့ ပေးကာ လုပ်ငန်းစုဆောင်းရေး လုပ်ငန်းစဉ်များတွင် ရွှေ့ပြောင်း လုပ်သားများ ကုန်ကျမှု မရှိစေရေး နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရန်။ စောင့်ကြည့်ရေး (Quarantine) ကုန်ကျစားရိတ်များ၊ သက်ဆိုင်ရာမှ တိကျ ရှင်းလင်းသော ညွှန်ကြားချက်အား လိုက်နာ ဆောင်ရွက်မှု စသည်တို့ကို လုပ်ဆောင်စဉ်အတွင်း ရွှေ့ပြောင်း လုပ်သားများ၏ လုပ်ခ လစာနှင့် အခွင့်အရေးများ ဆုံးရှုံးမှု မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရန်။


**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202

၂။ ကပ်ရောဂါ ထိန်းချုပ် ကာကွယ်ရေးများ လုပ်ဆောင်ရာတွင် လုထု ကျန်းမာရေးနှင့် လူသားချင်း စာနာသော တုံ့ပြန်မှုများကို အားစိုက်ရန်။ ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ် တလျှောက် စစ်တပ်များအား ချထားခြင်းများ မပြုလုပ်ပဲ လက်လှန်းမှီသော စောင့်ကြည့်ရေး စင်တာများနှင့် ကျန်းမာရေး စစ်ဆေးမှုများကို နယ်စပ် အဝင်ဂိတ်တွင် ပြုလုပ်ပေးရန်။

၃။ လက်လှမ်းမှီ လူမှုဖူလုံရေး စနစ် အမြန်ဆုံး စတင်ဆောင်ရွက်ရန်။

၄။ ကုန်ကျစားရိတ် သက်သာပြီး လုံခြုံစွာ နေရပ်ပြန်နိုင်ရေးနှင့် ပြန်လည် ရွှေ့ပြောင်း သွားလာနိုင်ရေး၊ လူမှု ကာကွယ်စောင့်ရှောက်မှုများ ရရှိရေး၊ ကျန်းမာရေးနှင့် လိုအပ်သည့် တရားဝင် အထောက်အထားများ လွယ်ကူ သက်သာစွာရရှိရေးနှင့်၊ တရားမျှတမှု အာမခံ ရရှိရေး များပါဝင်သည့် ကပ်ရောဂါ ကာလအတွက် ပြင်ဆင်မှုများ ပူးပေါင်း ဆောင်ရွက်ရန်။

**အာစီယံ အဖွဲ့အစည်း**

၁။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ပြောင်း သွားလာသူများပေါ်တွင် သက်ရောက်သော နစ်နာမှုများကို စဉ်ဆက်မပြတ် လေ့လာကြပ်မတ်ကာ ဒေသဆိုင်ရာအဆင့် တုံ့ပြန်မှု လိုအပ်သည့် နေရာဒေသများအား ဖေါ်ထုတ်ရန်။

၂။ ၂၀၂၀ ခုနှစ် မေလ တွင် သဘောတူညီခဲ့ကြသော ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်သည့် လုပ်သားနှင့် လုပ်ငန်းများ နစ်နာမှုဆိုင်ရာ အာစီယံ အလုပ်သမားရေးရာ ဝန်ကြီးများ၏ ပူးတွဲ ထုတ်ပြန်ချက်အား အကောင်အထည်ဖေါ် ဆောင်ရွက်မှုကို ကြပ်မတ်ကာ ဆက်လက် အကောင်အထည်ဖေါ် ဆောင်ရွက်ရန်။



**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202

Mekong Migration Network (MMN)

**မဲခေါင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ယက် (MMN) အကြောင်း**

မဲခေါင်ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ယက် (MMN) ကို ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လူထုအခြေပြု အဖွဲ့အစည်းများနှင့် သုတေသန အင်စတီကျူးရှင်းများ ပါဝင်သော မဟာမဲခေါင် ဒေသခွဲ (GMS) အတွင်းရှိ ရွှေ့ပြောင်းလုပ်သားများ အားလုံး၏ အခွင့်အရေးများ ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်း လုပ်ငန်းများကို အတူတကွ လုပ်ဆောင်နေသည့် ဒေသခွဲ ကွန်ယက်တစ်ခုဖြစ်ပါသည်။ MMN သည် ပူးပေါင်းလုပ်ဆောင်သည့် သုတေသနများ၊ စည်းရုံးလှုံ့ဆော်မှုများ၊ စွမ်းရည်မြှင့်တင်ရေးနှင့် ကွန်ယက် ချိတ်ဆက်ခြင်း ကဏ္ဍများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ MMN ၏ အဖွဲ့ဝင်များသည် မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံ နှစ်ခုစလုံးတွင် လုပ်ဆောင်လျက်ရှိပြီး နယ်ပယ်ကဏ္ဍအလိုက် ထူးခြားသည့် ကျွမ်းကျင်မှုများ ရှိကြလျက် အခြေခံ ရွှေ့ပြောင်းအလုပ်သမားများနှင့်လည်း နီးကပ်စွာ ဆက်သွယ်ဆောင်ရွက် နေသူများ ဖြစ်ကြပါသည်။ MMN အကြောင်းကို ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ MMN ၏ အင်တာနက် စာမျက်နှာ www.mekongmigration.org တွင် လေ့လာနိုင်သည်။

*ထုပ်ပြန်ချက်နှင့် ပတ်သက်ပြီး ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်-*


Ms. Reiko Harima, MMN ဒေသဆိုင်ရာ တာဝန်ခံ (အင်္ဂလိပ် နှင့် ဂျပန် ဘာသာ): reiko@mekongmigration.org

Mr. Nguyen Manh Tuan, MMN စီမံကိန်းတာဝန်ခံ (ဗီယက်နမ် နှင့် အင်္ဂလိပ် ဘာသာ): tuan@mekongmigration.org; ဖုန်း +84 394327031

Ms. Kim Thi Thu Ha, အမှုဆောင် ဒါရိုက်တာ, Centre for Development and Integration (ဗီယက်နမ် နှင့် အင်္ဂလိပ် ဘာသာ): ha.kimthu@cdivietnam.org; ဖုန်း +84 975858899

Ms. Winnie Sachdev, MMN သုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေး တာဝန်ခံ (ထိုင် နှင့် အင်္ဂလိပ် ဘာသာ): winnie@mekongmigration.org; ဖုန်း +66 957294500

Mr. Brahm Press, အမှုဆောင် ဒါရိုက်တာ, MAP Foundation (အင်္ဂလိပ် နှင့် ထိုင်း ဘာသာ): brahm.press@gmail.com

Mr. Sokchar Mom, အမှုဆောင် ဒါရိုက်တာ, Legal Support for Children and Women, Cambodia (ခမာ နှင့် အင်္ဂလိပ် ဘာသာ): sokchar_mom@lscw.org; ဖုန်း +855 12943767

Ms. Thet Thet Aung, ဒါရိုက်တာ, Future Light Center, Myanmar (မြန်မာဘာသာ): thet2aung2012@gmail.com

MMN အတွင်းရေးမှူးများရုံး + 66 (53) 283259.



**www.mekongmigration.org**

**MMN Secretariat**
info@mekongmigration.org
Hong Kong Office
c/o Asian Migrant Centre, Flat 6, 13/F, Block A, Fuk Keung Industrial Building, 66-68 Tong Mi Road, Prince Edward, Kowloon, Hong Kong
phone: +852-23120031, fax:852-2992-0111
Chiang Mai Office
c/o MAP Foundation, 63/31 Moo 8, U-mong, Soi 4 (P.O. Box 153 Chiang Mai University 50200) , Thailand
phone: +66-53328298, fax: +66-53811202